## ပါဆယ်အာမခံစည်းကမ်းချက်များ

**၁။ ပေးလျော်ရန်တာဝန်**

ဤပါဆယ်အာမခံအလို့ငှာ အာမခံထားသူပေးသွင်းသောပရီမီယံကို အကြောင်းပြု၍ အာမခံပေါ်လစီ သက်တမ်းအတွင်း ပေါ်ပေါက်သည့် အာမခံထားသော ပါဆယ်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် (အာမခံထားငွေ သို့မဟုတ် အများဆုံးကျပ် ၂,၀၀၀,၀၀၀/-ထက်မပိုသည့်) လျော်ကြေးကို ပေါ်လစီစည်းကမ်းချက်များ နှင့်အညီပေးလျော်ရန် ဤကုမ္ပဏီက တာဝန်ယူသည်။

**၂။ အာမခံထားခွင့်ရှိသူ**

ပါဆယ်ပိုင်ရှင်များ

**၃။ ပါဆယ်ပို့သူ**

ပါဆယ်ပို့သူသည် ပါဆယ်ပစ္စည်းများအား တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးရန် အပ်နှံခြင်းခံရသည့် လုပ်ငန်းများကို တရားဝင်ဆောင်ရွက်ခွင့် ရရှိထားသော ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသည့် ကုန်စည်ပို့ဆောင်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ (နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင် လျှောက်ထားရန် ခွင့်ပြုချက်ရှိရမည်) ဖြစ်ပါသည်။

**၄။ ပေါ်လစီသက်တမ်းကာလ**

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့များအကွာအဝေးအလိုက် မြန်မာ့စာတိုက်လုပ်ငန်းမှ သက်မှတ်ရက်များအတိုင်း။

ပစ္စည်းပို့ဆောင်သူက ပစ္စည်းလက်ခံရာကောင်တာ သို့မဟုတ် ပေးပို့သူ၏ လိပ်စာရှိရာနေရာမှ စတင်သယ်ယူပြီး၊ ပို့ဆောင်ပေးရမည့်လိပ်စာသို့ ရောက်ရှိပေးအပ်သည့် အချိန်အထိ (ပစ္စည်းပို့ဆောင်သည့်ကုမ္ပဏီ၏ ကောင်တာ၊ ကုန်ရုံတွင် ပြန်လည် ထုပ်ပိုးခြင်း အပါအဝင်နှင့် မြန်မာနိုင်ငံအတွင်းတွင်သာ)

**၅။ အာမခံအကာအကွယ်အကျုံးဝင်သည့်ပစ္စည်း**

အောက်ပါအချက်များမှအပဖြစ်သော တရားဝင်အထွေထွေကုန်ပစ္စည်း/ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ -

(က) ရှေးဟောင်းပစ္စည်း၊ ပန်းချီနှင့် အနုပညာလက်ရာပစ္စည်းများ၊ ငွေချေးစာချုပ်များ၊ Security paper၊ သဘောတူစာချုပ်များ၊ ငွေလဲလှယ်မှုပြေစာများ၊ ကတိစာချုပ်များ၊ စာချုပ်စာတမ်းများ၊ ချက်လက်မှတ်များ၊ လက်ရေးမူများ၊ အီလက်ထရောနစ် အချက်အလက်များ၊ တံဆိပ်ခေါင်းများ၊ ငွေသားများ၊ တံဆိပ်များ၊ ငွေရပြေစာများ၊ မျိုးစေ့များ၊ ရွှေတုံး ငွေတုံးများ။

(ခ) စီးကရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ဝိုင်အရက်၊ အရက်ပြန်၊ အရက်အမျိုးမျိုးနှင့် ယမကာအရက်များ။

(ဂ) ပလက်တီနမ်၊ ရွှေ၊ ငွေနှင့် အခြားအဖိုးတန်သတ္တု/ ကျောက်မျက်များနှင့် လက်ဝတ်ရတနာများ သို့မဟုတ် နာရီများ။

(ဃ) မွေးမြူရေး/တိရိစ္ဆာန်များ။

(င) အေးခဲ၊ သွေ့ခြောက် သို့မဟုတ် လတ်ဆတ်သောအစားအစာများ၊ အေးခဲ၊ အခြောက်လှန်းထားသော သို့မဟုတ် လတ်ဆတ်သောအသားများ/ပင်လယ်စာများ/လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများ စသည်ဖြင့်။

(စ) ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ချွင်းချက်တားမြစ်သတ်မှတ်ထားသော၊ အန္တရာယ်ရှိ ကုန်ပစ္စည်းများ။

**၆။ အာမခံအကာအကွယ် အကျုံးမဝင်သောဆုံးရှုံးပျက်စီးမှုများ**

အောက်ပါအချက်များကြောင့်ပေါ်ပေါက်သော ပျက်စီးဆုံးရှုံးမှုများ အတွက် FNIG တွင် တာဝန်မရှိစေရ -

(က) မြန်မာနိုင်ငံနယ်နိမိတ်ပြင်ပတွင်ပေါ်ပေါက်သော ဆုံးရှုံးပျက်စီးမှု။

(ခ) ပို့ဆောင်သည့်ဌာန/ အဖွဲ့အစည်းများက ကန့်သတ်ထားသော ကုန်ပစ္စည်းများဖြစ်ခြင်း။

(ဂ) အာမခံထားသူ၏ ရည်ရွယ်ချက်ရှိရှိလုပ်ရပ် သို့မဟုတ် အမှားကြောင့်ဖြစ်ရသော ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှု။